



လူကလေး နိုးလာသည်။
ကလေးကို မလန့်စေရ။
ငို မနေစေရ။
ရဲဖို့ လိုပါသည်။



ဆရာမ အတန်းထဲသို့ လာသည်။
ရိုရိုသေသေ နေပါ။
စာ တိုးတိုးအံပါ။
ကိုယ့်ကိုယ်ကိုယ် အားကိုးပါ။



မိဘဆရာ ရိုသေပါ။
ရိုးရိုးသားသား နေပါ။
သာသာယာယာ စကားဆိုပါ။
အဘိုးအိုကို ကန်တော့ပါ။



မိုးလရာသီ
အဘိုးအိုတို့လယ်တဲ
တဲကလေး မိုးယို နေသလား။
ကူညီ၍ မိုးပေးပါ။

သင်ခန်းစာ – ၉


◌ျ	◌ြ

ကျ	ကျာ	ကျား	ပြ	မြာ	ပြား
ကျိ	ကျီ	ကျီး	ပြိ	မြီ	ပြီး
ကျု	ကျူ	ကျူး	ပြု	မြူ	ပြူး
ကျေ	ကျေ.	ကျေး	ပြေ	မြေ.	ပြေး
ကျဲ	ကျဲ.	ကျယ်	ပြဲ	မြဲ	ပြယ်
ကျော	ကျော့	ကျော်	ပြော	မြော့	ပြော်
ကျိုံ	ကျိုံ.	ကျိုံး			

လေ့ကျင့်ရန်


ကျား


ကြာဖူး


မြေပဲ



ကြယ်


ကြိုးကြာ


ကျေးဇူး	ပျံသန်း	ပြီးစီး	ဖြေကြား
ချီးကျူး	စပါးကျီ	ကြော်ငြာ	မြို့တော်
ချော်လဲ	များပြား	ကြံစည်	ကြိုးစား



ဆရာမ စာပြသည်။
မြေဖြူ ယူလာသည်။
မိမိနေရာ နေကြပါ။
စကားကျယ်ကျယ် မပြောရ။



နေကျဲကျဲ ပူသည်။
နေပူထဲ မပြေးရ။
အဖျားရောဂါ ရမည်။
နေအေးသောအခါ ပြေးကစားပါ။



ပျားရည် ချိုသည်။
အစာကြေပါသည်။
ငါးကြီးဆီ စားပါ။
ကျန်းမာဝဖြိုး လာမည်။




ကျားကြီး ခြေရာကြီး။
မေးဖန်များ စကားရ။
ပျော်ပျော်နေ သေခဲ။
ကျီစားသန်က ရန်များ၏။

သစ်ပင်စိုက်ကြစို့

သစ်ပင်လေးတွေ စိုက်ကြမယ်
တို့ကမ္ဘာလေး လှပို့ကွယ်။
သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။



ရွတ်ဆိုရန်



ဖိုးတောင်သူတဲ

ချိုးနှစ်ကောင်
ထနောင်းပင် ညီနောင်က
လွမ်းအောင် ကူခွဲ။

ပန်တော်ဖြူ
ပင်မြက် နေစာထူလှ
ဖိုးတောင်သူ တဲ။


ပန်တော်ဖြူကို /ဗဒေါဗျူ/ ဟု အသံထွက်ပါ။


သင်ခန်းစာ – ၁၀


ိ

ကွ	ကွာ	ကွား	ခွ	ခွာ	ခွား
ကွေ	ကွေ့	ကွေး	ခွေ	ခွေ့	ခွေး
ကွဲ	ကွဲ့	ကွယ်	တွဲ	တွဲ့	တွယ်


လေ့ကျင့်ရန်


နွား



သခွားသီး


ကျေးရွာ


ပွဲ


ပလွေ

စားပွဲ	ပွဲတော်	ပုလဲသွယ်	ခွေးကလေး
ခွဲခွာ	ရေနွေး	လူငယ်လူရွယ်	မွေးဖွား
တဖွဲဖွဲ	အဘွားအို	လွယ်လွယ်ကူကူ	ဖြူဖြူဖွေးဖွေး



ဆရာကန်တော့ပွဲ
အတူတကွ သွားကြမည်။
လူစု မကွဲစေရ။
ခွဲခွဲခြားခြား မပြုရ။
ဖော်ဖော်ရွေရွေ နေကြပါ။

နွေဦးရာသီ
ပလွေသံ သာယာ၏။
နွားများကို ဆွဲလာသည်။
အဝေးသို့ မသွားရ။
နေရာရွေး၍ နားမည်။





မယ်ငွေ၏ သားကလေး
အသား ဖြူဖွေး၏။
ကလေး ထွားသည်။
ယုယုယယ ပွေ့ချီထား၏။
နွေးနွေးထွေးထွေး ထားပါ။

ဤရွာကလေး သာယာသည်
ဘူးသီး သခွားသီး ပေါ၏။
ရာသီမရွေး မအားကြပါ။
နွားများ မွေးမြူထားသည်။
ပျော်မွေ့စွာ နေကြသည်။






ဖိုးသာထူး

ဖိုးသာထူး ဖိုးသာထူး
အလွန်ဝတဲ့ ဖိုးသာထူး

ဖိုးသာထူး ဝမ်းပူပူ
ဖိုးဝကြီးနဲ့တူ။

တူပါသကွဲ. မယုံငြား
သည်မှာ ကြည့်ပါလား။



တောင် တောရယ် သာ


တောင် တောရယ် သာ
မာလာက ငုံဖူး။
တစ်ပင်ကို နှစ်ပင် ယှက်တယ်
ကျေးငှက်က မြူး။

သင်ခန်းစာ – ၁၁


ျ

၄	၄ာ	၄ား	ရိ		
မ	မာ	မား	မီ	မီး	
ရ	ရာ	ရား	လီ	လီး	
မိ	မိ.	မိး	ရွ	ရွ	ရွး
ရိ	ရိ.	ရိး	လ္ေ	လ္ေ.	လ္ေး

လ္ေကျင့်ရန်




မ္ံန်




နံ့



မိုံ



လ္ေ





လ္ည်း

မာကြား	ရောနှော	ဓားရှ	လုံတံ
စပါးနံ့	လ္ေကာား	လ္ေလ္ော်	အလွှဲပွဲ
နှေးကွေး	ဝေငှ	အညှာ	လွလွပပ

ဖတ်စာ – ၁၁


အရှေ့ ရွာမှာ ဘာရှိသလဲ။
လူစည်ကားလှပါသည်။
ဘုရားပွဲတော် ရှိပါသလား။
လှည်းစီး၍ လာကြသည်။
လှေစီး၍လည်း လာကြသည်။





လူကလေး မှေးနေသည်။
အအေးမိ၍ နာစေးသည်။
ရှူဆေး ရှိသလား။
နွေးနွေးထွေးထွေး ရှိပါစေ။

စပါးလှေ့ နေကြသည်။
အဆာပြေ ပဲလှော်ဝါးပါ။
ရေနွေးကြမ်း ငှဲ့ပေးပါ။
စပါးပေါမှ အလှူပေးမည်။





ပညာကို ရှာမှီးပါ။
အမှားအမှန် ခွဲခြားပါ။
သတိရှိရမည်။
သနားညှာတာမှု ရှိကြပါ။

မင်္ဂလာ ကဗျာ

(၂)

ကုသိုလ်ပညာ ဥစ္စာရဖို့
သင့်ရာဒေသ အမြဲနေ။

ရှေးကတင်ကြို ပြုခဲ့ဖူးသည့်
ကောင်းမှုအထူး ရှိပါစေ။

မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ ဆောက်တည်လေ။

ဥစ္စာကိုပေး နေထိုင်ရေး
မျှော်တွေး သုံးချက်ပေ။

အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။

သင်ခန်းစာ – ၁၂

◌ျ	◌ြ

ကျွေး	ကျဲ	ကြိ	ကြော	ကြား
ချွေ	ချွေး	ကြေ	ကြွေး	
ချဲ		ခြေ	ခြွေး	
		မြေ		


လေ့ကျင့်ရန်



ကျဲ



ကြွေအိုး



မြွေ



ကျဲကောသီး



အကျွေးအမွေး


ကြားဝါ
ကြယ်ဝ
ကြွေးကြော်

ငိုကြွေး
ကြွေကရား
ချွေးမ

ချွေးကျ
ချွေတာရေး


ရွာလူကြီးများ ကြွလာပြီ။
ကြွေပန်းကန် ယူခဲ့ပါ။
ကျွဲကောသီး ထည့်ထားပါ။
ကျေးမွေး ပြုစု ပါရစေ။





မြွေသံလား လေသံလား။
မြွေ သတိထားပါ။
မြွေထိက ဆေးခန်း သွားရမည်။
ဆရာဝန် ကြွလာပြီ။

လူကလေး အသီးခွေချ၏။
အသီးများ ကြွေကျလာပြီ။
ကျွဲနွား မစားစေရ။
ခွေးဒီးဒီးကျသည်။





ကြွေပန်းအိုး ဝယ်လာသည်။
အကြွေး မဝယ်ပါ။
ကြွားကြွားဝါဝါ မနေရ။
ငွေကို ချွေတာပါ။

သင်ခန်းစာ - ၁၃


ဗျ	ပြ

မျ	များ		လျာ		
မျော	မျော့	မျော်	လျော	လျော့	လျော်
မြ။	မြေး		လျိ	လျိ.	လျိး

လေ့ကျင့်ရန်



လျော



ငါးများတံ



လျာ



လျော်စီး




မီးလျံ


ညီမျ
ချော့မြ။
မျော်မှန်း

လျောကျ
လျော့ဈေး
ရေလျံ


F.4.A




ရေကန်ထဲမှာ မျှော်ရှိ၏။
ငါးမျှားကြမည်။
ငါးမျှားတံ ယူခဲ့ပါ။
ငါးရက ညီညီမျှမျှ ယူကြမည်။



အရသာကိုလျှာက သိသည်။
ဈေးသည် မျှော်နေသည်။
ဈေးလျှော့၍ ပေးမည်လား။
မျှမျှတတ သဘောထားပါ။



လယ်ထဲမှာ ရေလျှံနေပြီ။
လျှောစည်းများ မျောပါနေကြသည်။
လေမျှော၍ ဆယ်ယူပါ။
လျှာကျမည် သတိထား။



ကလေးကို မြှူနေသည်။
ချော့မြှူသော်လည်း မရပါ။
လျှာမှာ အနာရှိသလား။
အာဟာရ မျှပါစေ။

သင်ခန်းစာ - ၁၄

ခ	ြ

လွ	လွာ	လွား		နွဲ့
မွေ	မွေ့	မွေး		ရွဲ
ရွေ	ရွေ့	ရွေး	မြွာ	လွဲ

လေ့ကျင့်ရန်



လွ



ပျံလွား



ရေမွေး



ရွှေဖလား



အမြွာပူး

ကျော်လွား

နွဲ့ပျော်

လမ်းလွဲ


မွေးကြ။

အသီးနွာ

အစာနွေး


အသေးအမွှား


ပါးပါးလွှာလွှာ



လွှသမားများ လွှဆွဲနေကြသည်။
ချွေးများ စိုရွှဲနေသည်။
စားစရာကို နွေးထားပါ။
စားစရာ အသီးများ နွှာထားပါ။

နွဲပျော်စရာ တို့တောရွာ။
စပါးရွေဝါ အားထားစရာ။
စံပယ်ပန်းများ မွှေးကြူ၏။
ပျံလွှားများ ပျံနေကြသည်။






သူ့ကိုယ်မှာ ရေတွေရွဲနေသည်။
ပဝါ လွှားထားပါ။
မီးမြှိုက်မြှိုက် မွှေးပါ။
မီးနားမှာ ရွှေ့နေပါ။

ချွေးတရွဲရွဲ အားကစားပွဲ။
လွှဲဖယ်၍ မနေပါ။
ပြေးလွှားကစားကြသည်။
အားရပါးရ နွဲပါဦး။



ရွတ်ဆိုရန်



ဆုတောင်း

စပါး ဝါရွေ ဝင်းပါစေ
ပန်းတွေ သင်းပါစေ။

ငှက်ကလေးတွေ မိုးတိမ်ကြား
ပျံနိုင်ကြစေသား။

နေရောင်ခြည်လည်း ဖွေးပါစေ
လေပြည် အေးပါစေ။

ချစ်မိတ်ဆွေ ပေါင်းဖော်များ
ကျန်းမာကြစေသား။

၁ ၂

တစ် နှစ်၊ စာကိုချစ်။

၃ ၄

သုံး လေး၊ မသိတာမေး။



၅ ၆

ငါး ခြောက်၊ နှစ်ချင်းပေါက်။

၇ ၈

ခုနစ် ရှစ်၊ တပည့်ချစ်။

၉ ၁၀

ကိုး တစ်ဆယ်၊ ကြိုးစားမယ်။



ကျန်းမာသန့်ရှင်း ရောဂါကင်း

– မျက်နှာသစ်ကာ၊ သွားတိုက်ပါ
ခြေရောလက်ပါ၊ ဆေးကြောပါ
ကျန်းမာသန့်ရှင်း၊ ရောဂါကင်း။

– စားပြီးတိုင်းမှာ၊ ပလုတ်ကျင်းပါ
အိပ်ရာဝင်မှာ၊ သွားတိုက်ပါ
ကျန်းမာသန့်ရှင်း၊ ရောဂါကင်း။

– မစားခင်မှာ၊ လက်ဆေးပါ
အိမ်သာထွက်လာ၊ လက်ဆေးပါ
ကျန်းမာသန့်ရှင်း၊ ရောဂါကင်း။

– နေ့စဉ်မှန်စွာ၊ ရေချိုးပါ
ခေါင်းကိုမှန်စွာ၊ ဖြီးကြပါ
ကျန်းမာသန့်ရှင်း၊ ရောဂါကင်း။

– လက်သည်းရှည်လာ၊ ညှပ်လိုက်ပါ
ခြေသည်းရှည်လာ၊ ညှပ်လိုက်ပါ
ကျန်းမာသန့်ရှင်း၊ ရောဂါကင်း။


– ချောင်းဆိုးသောခါ၊ ပဝါကာ
နှာချေသောခါ၊ ပဝါကာ
ကျန်းမာသန့်ရှင်း၊ ရောဂါကင်း။


– ဖိနပ်စီးပါ၊ သွားလေရာ
ဝတ်ဆင်ရာမှာ၊ သန့်ပြန့်ပါ
ကျန်းမာသန့်ရှင်း၊ ရောဂါကင်း။

ပြန်လှန်လေ့ကျင့်ခန်း


အ	အိ	အူ	အေ့
	၏	ဤ	၍
အဲ့	အော	အန်	အို့
၌	၍	၀	၎

ကန်ထဲမှာ ရေပြည့်နေပြီ။
သာသာယာယာ ရှိပါသည်။
ပျော်ပျော်ပါးပါး လှေလှော်သွားကြမည်။
ကြာပန်းများလည်း ခူးကြမည်။






နွေဦးအခါ ပျော်စရာ
ဘုရားပွဲတော် လာကြသည်။
ဆွေမျိုးများ ပါသလား။
ကြိုဆို ဧည့်ခံမည်။




ရွာသားများ ကျန်းမာကြ၏။
အဖျားအနာ မရှိပါ။
အားကစားကို အားပေး၏။
ကျန်းမာရေးကို ဂရုပြုကြပါသည်။




မြန်မာပြည်သည် ငါတို့ပြည်၊
မြန်မာစာသည် ငါတို့စာ၊
မြန်မာပြည် ကြီးပွားစေရမည်။
ငါတို့ ကြိုးစားကြပါစို့။

ရွတ်ဆိုရန်



တပည့်ဝတ်

ညီညာ ထကြွ၊ ဆုံးမ နာယူ
လာမှု ကြိုဆီး၊ ထံနီး လုပ်ကျွေး
သင်တွေး အံ ရွတ်၊ တပည့်ဝတ်
မချွတ် ငါး ခုသာ။





နိုင်ငံတော် သီချင်း

ခြေဆင်း၊ တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ
တို့ပြည် တို့မြေ။
များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့
ခွင့်တူညီမျှ ဝါဒဖြန့်စင်တဲ့ ပြည်
တို့ပြည် တို့မြေ။
ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ
အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ။

(ကမ္ဘာ မကျေ၊ မြန်မာပြည်
တို့ဘိုးဘွား အမွေစစ်မို့
ချစ်မြတ်နိုးပေ။)၂

ပြည်ထောင်စုကို အသက်ပေးလို့
တို့ကာကွယ်မလေ။
ဒါတို့ပြည်၊ ဒါတို့မြေ တို့ပိုင်နက်မြေ။
တို့ပြည်၊ တို့မြေ အကျိုးကို
ညီညာစွာ တို့တစ်တွေ
ထမ်းဆောင်ပါစို့လေ
တို့တာဝန်ပေ
အဖိုးတန် မြေ။

ပြည် ကို /ပြေ/ဟု အသံထွက်ပါ။ တို့ကို / ဒို့/ဟု အသံထွက်ပါ။